## ၂၀၁၂ -၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

## ၂၀၁၂-၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ

## (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄။)

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ရက်

(၂၀၁၂ ခုနှစ်၊ မတ်လ ၁၉ ရက်)

### နိဒါန်း

၁။ နိုင်ငံတော်တွင် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းဇယား၊ ကိန်းဂဏန်းများ တိကျ မှန်ကန်ရေး၊ ဆင်းရဲချမ်းသာကွာဟမှုလျော့နည်းကျဆင်းရေး၊ ပြည်သူများ၏ လူနေမှုဘဝ အဆင့် အတန်း မြင့်မားတိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေး စသည့် လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးမူဝါဒများနှင့်အညီ ချမှတ်ထားသော အနှစ် ၃၀ နှစ်ရှည်စီမံကိန်းနှင့် ပဉ္စမကာလတို ၅ နှစ် စီမံကိန်းတို့၏ ရည်မှန်းချက်များကို အကောင်အထည် ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၂။ ဤဥပဒေကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေဟုခေါ်တွင်စေရမည်။ ဤဥပဒေသည် ပဉ္စမကာလတို ငါးနှစ်စီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာ နှစ်ထိ) ၏ ဒုတိယနှစ် စီမံကိန်းဥပဒေလည်းဖြစ်သည်။

၃။ ဤဥပဒေပါ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံး အတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည် ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက် များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ ယင်းစီမံကိန်းများ၌ အနှစ် ၃၀ နှစ်ရှည် စီမံကိန်း၊ ၅ နှစ် ကာလတိုစီမံကိန်းနှင့် ယင်းစီမံကိန်း များကို နှစ်စဉ်အကောင် အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများပါရှိသည်။ ယင်းအမျိုးသား စီမံကိန်းများ၌

ကာလအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လုပ်ငန်းစီမံကိန်းများ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေး ဇုန်များနှင့် မြို့ပြစီမံကိန်းများ၊ စက်မှုဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေး စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့် စီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက် ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည် ဟု ရည်မှန်း လျာထားချက်များ ဖြစ်သည်။

(ဂ) **အခြေခံနှစ်** ဆိုသည်မှာ တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။ (ပဉ္စမကာလတိုငါးနှစ်စီမံကိန်းတွင် အခြေခံနှစ်သည် ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေး နှစ်ဖြစ်သည်။)

(ဃ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာအခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

## အခန်း(၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် စီမံကိန်း၏အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ခုနှစ် ပုံမှန် ဈေးနှုန်းအရ ၆ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၁ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၀ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၂ ဒသမ ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၆ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၁၅၀ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၃ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၄ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုးတွင် လယ်ယာကဏ္ဍကြီး ပါဝင်မှုအချိုးအစားကို ၃၄ ဒသမ၇ ရာခိုင်နှုန်းမှ ၃၃ ဒသမ ၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၇ ဒသမ ၁ ရာခိုင်နှုန်းမှ ၂၇ ဒသမ ၆ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈ ဒသမ ၂ရာခိုင်နှုန်းမှ ၃၈ ဒသမ ၈ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ် ပေါ်စေရန်၊

(ဃ) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၇ ဒသမ ၃ ရာခိုင်နှုန်း၊သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀ ဒသမ ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင် အခန်းမှ အချိုးအစားအားဖြင့် ၇၂ ဒသမ ၇ ရာခိုင်နှုန်း အသီးသီး ရင်းနှီးမြှုပ်နှံရန်၊

(င) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို ကျပ် ၉၂၁၁၁၄၃ သန်း တင်ပို့ရန်နှင့် ပြည်ပသွင်းကုန် ကို ကျပ် ၆၅၈၂၈၀၀သန်း တင်သွင်းရန်၊

(စ) လူတစ်ဦးစီ၏ ပျမ်းမျှ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (Per Capita GDP) မှာ ကျပ် ၇၄၀၈၁၄ ရှိခဲ့ရာမှ၈၃၉၅၅၁ ကျပ်သို့ ဖြစ်ပေါ်လာစေရန်။

## အခန်း(၃)

## အထွေထွေ

၅။ စီမံကိန်းရည်မှန်းချက်များကို ပုဒ်မခွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) များဖြင့် ဖော်ပြထားရာ ယင်းရည်မှန်း ချက်များကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ တို့က အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ ဌာနအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီ အစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ချမှတ်ဆောင်ရွက်နိုင်သည်။

၆။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်က ချမှတ်ဆောင်ရွက် ခဲ့သော စီမံကိန်း များကိုသော်လည်းကောင်း၊ ယခု အစိုးရသစ်လက်ထက်တွင်တင်ပြသော စီမံကိန်း များကိုသော်လည်းကောင်း လက်ခံစဉ်းစားရမည်။ ထိုစီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံနှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည် ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်း များအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်းရေတိုအတွက် အကျိုးဖြစ်ထွန်း စေသော စီမံကိန်း များကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း ထည့်သွင်းစီမံဆောင် ရွက်ရမည်။

၈။ နိုင်ငံနှင့်နိုင်ငံသားများ၏ လက်ငင်း ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေသော နိုင်ငံနှင့် နိုင်ငံသားများအတွက် ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေး စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။

၉။ စီမံကိန်းတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှ ခွင့်ပြု ဆောင်ရွက်ရမည်။

၁၀။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်း ငြိမ်းချမ်းရေးကို ဖော်ဆောင်သောစီမံကိန်းများ ပါဝင်ရမည်။

၁၁။ အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေး လုပ်ငန်းများကို နှစ်အလိုက်လွှဲပြောင်းပေးမည့် စီမံကိန်းများ အဖြစ် ထည့်သွင်း ရေးဆွဲရမည်။

၁၂။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ဖြစ်မြောက် နိုင်စွမ်း ရှိ၊ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ၊ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ၊ မရှိ၊ ဒေသဖွံ့ဖြိုးရေး ကို အထောက်အကူ ပြု၊မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ၊မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ ဆောင်ရွက်ရန်သဘောတူခွင့်ပြုချက် ရရှိထားပြီး သောလုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် လက်အောက်ခံအဖွဲ့အစည်းများ၊ စည်ပင်သာယာရေး ကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့အစည်းအသီးသီးတို့သည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ နောက်ဆက်တွဲ (၂)တွင် ဖော်ပြထားသော ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်း စီမံကိန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် ရမည်။

၁၄။ ဤဥပဒေသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ရက်မှ စတင် အာဏာတည်သည်ဟု မှတ်ယူရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

# ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

# (၂၀၁၀-၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | ကဏ္ဍကြီး | ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက် | | | ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | လယ်ယာကဏ္ဍကြီး | ၁၄၉၀၇၃၄၀.၉ | ၃၄.၇ | ၁.၂ | ၁၅၃၅၉၉၁၄.၇ | ၃၃.၆ | ၃.၀ |
| ၂ | စက်မှုကဏ္ဍကြီး | ၁၁၆၁၀၉၂၄.၃ | ၂၇.၁ | ၁၀.၃ | ၁၂၆၅၈၈၈၂.၆ | ၂၇.၆ | ၁၀.၅ |
| ၃ | ဝန်ဆောင်မှုကဏ္ဍကြီး | ၁၆၄၀၅၅၂၈.၀ | ၃၈.၂ | ၇.၆ | ၁၇၇၆၀၃၈၂.၅ | ၃၈.၈ | ၈.၃ |
| ၄ | အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၄၂၉၂၃၇၉၃.၂ | ၁၀၀.၀ | ၆.၀ | ၄၅၇၇၉၁၇၉.၈ | ၁၀၀.၀ | ၆.၇ |

# ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

## ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

## (၂၀၁၀-၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက် | | | ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | လယ်ယာကဏ္ဍကြီး | ၁၄၉၀၇၃၄၀.၉ | ၃၄.၇ | ၁.၂ | ၁၅၃၅၉၉၁၄.၇ | ၃၃.၆ | ၃.၀ |
| | ၁ | လယ်ယာ | ၁၁၁၆၆၂၁၀.၅ | ၂၆.၀ | ၀.၁ | ၁၁၃၇၄၅၂၆.၉ | ၂၄.၈ | ၁.၉ |
| | ၂ | သားငါး | ၃၅၈၂၇၉၅.၃ | ၈.၃ | ၅.၀ | ၃၈၂၆၄၂၅.၄ | ၈.၄ | ၆.၈ |
| | ၃ | သစ်တော | ၁၅၈၃၃၅.၁ | ၀.၄ | ၀.၀ | ၁၅၈၉၆၂.၄ | ၀.၄ | ၀.၄ |
| ၂ | | စက်မှုကဏ္ဍကြီး | ၁၀၆၁၀၉၂၄.၃ | ၂၇.၁ | ၁၀.၃ | ၁၂၆၅၈၈၈၂.၆ | ၂၇.၆ | ၉.၀ |
| | ၁ | စွမ်းအင် | ၆၅၉၅၉.၀ | ၀.၁ | ၀.၂ | ၆၇၂၇၈.၂ | ၀.၁ | ၂.၀ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၂၅၀၁၅.၇ | ၀.၈ | ၇.၉ | ၃၃၃၂၄၀.၉ | ၀.၇ | ၂.၅ |
| | ၃ | စက်မှုလက်မှု | ၈၇၃၈၁၅၃.၀ | ၂၀.၄ | ၁၀.၅ | ၉၇၁၆၈၂၆.၁ | ၂၁.၂ | ၁၁.၂ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၄၇၅၂၁၂.၀ | ၁.၁ | ၁၃.၅ | ၅၀၄၂၆၈.၇ | ၁.၁ | ၆.၁ |
| | ၅ | ဆောက်လုပ်မှု | ၂၀၀၆၅၈၄.၆ | ၄.၇ | ၉.၁ | ၂၀၃၇၂၆၈.၇ | ၄.၅ | ၁.၅ |
| ၃ | | ဝန်ဆောင်မှုကဏ္ဍကြီး | ၁၆၄၀၅၅၂၈.၀ | ၃၈.၂ | ၇.၆ | ၁၇၇၆၀၃၈၂.၅ | ၃၈.၈ | ၈.၃ |
| | ၁ | ပို့ဆောင်ရေး | ၅၆၄၈၅၅၅.၉ | ၁၃.၂ | ၇.၇ | ၅၉၀၂၃၅၅.၀ | ၁၂.၉ | ၄.၅ |
| | ၂ | ဆက်သွယ်ရေး | ၃၉၃၁၆၈.၉ | ၀.၉ | ၁၈.၂ | ၉၈၄၃၄၉.၂ | ၂.၁ | ၁၅၀.၄ |
| | ၃ | ငွေရေးကြေးရေး | ၄၉၄၅၁.၁ | ၀.၁ | ၅၇.၄ | ၅၃၄၇၆.၈ | ၀.၁ | ၈.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၆၇၃၂၁.၇ | ၂.၀ | ၀.၁ | ၈၉၅၀၇၁.၅ | ၂.၀ | ၃.၂ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၈၄၄၅၁၆.၄ | ၂.၀ | ၁၄.၈ | ၉၆၈၀၈၀.၇ | ၂.၁ | ၁၄.၆ |
| | ၆ | ကုန်သွယ်မှု | ၈၆၀၂၅၁၄.၀ | ၂၀.၀ | ၇.၀ | ၈၉၅၇၀၄၉.၃ | ၁၉.၆ | ၄.၁ |
| ၄ | | အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၄၂၉၂၃၇၉၃.၂ | ၁၀၀.၀ | ၆.၀ | ၄၅၇၇၉၁၇၉.၈ | ၁၀၀.၀ | ၆.၇ |

# ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

## ကဏ္ဍများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

## (၂၀၁၀-၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက် | | | ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | ၂၆၅၁၈၂၆၅.၂ | ၆၁.၈ | ၅.၀ | ၂၈၀၁၈၇၉၇.၃ | ၆၁.၂ | ၅.၇ |
| | ၁ | လယ်ယာ | ၁၁၁၆၆၂၁၀.၅ | ၂၆.၀ | ၀.၁ | ၁၁၃၇၄၅၂၆.၉ | ၂၄.၈ | ၁.၉ |
| | ၂ | သားငါး | ၃၅၈၂၇၉၅.၃ | ၈.၃ | ၅.၀ | ၃၈၂၆၄၂၅.၄ | ၈.၄ | ၆.၈ |
| | ၃ | သစ်တော | ၁၅၈၃၃၅.၁ | ၀.၄ | ၀.၀ | ၁၅၈၉၆၂.၄ | ၀.၄ | ၀.၄ |
| | ၄ | စွမ်းအင် | ၆၅၉၅၉.၀ | ၀.၁ | ၀.၂ | ၆၇၂၇၈.၂ | ၀.၁ | ၂.၀ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၂၅၀၁၅.၇ | ၀.၈ | ၇.၉ | ၃၃၃၂၄၀.၉ | ၀.၇ | ၂.၅ |
| | ၆ | စက်မှုလက်မှု | ၈၇၃၈၁၅၃.၀ | ၂၀.၄ | ၁၀.၅ | ၉၇၁၆၈၂၆.၁ | ၂၁.၂ | ၁၁.၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၄၇၅၂၀၂.၀ | ၁.၁ | ၁၃.၅ | ၅၀၄၂၆၈.၇ | ၁.၁ | ၆.၁ |
| | ၈ | ဆောက်လုပ်မှု | ၂၀၀၆၅၈၄.၆ | ၄.၇ | ၉.၁ | ၂၀၃၇၂၆၈.၇ | ၄.၅ | ၁.၅ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | ၇၈၀၃၀၁၄.၀ | ၁၈.၂ | ၈.၂ | ၈၈၀၃၃၃၃.၂ | ၁၉.၂ | ၁၂.၈ |
| | ၁ | ပို့ဆောင်ရေး | ၅၆၄၈၅၅၅.၉ | ၁၃.၂ | ၇.၇ | ၅၉၀၂၃၅၅.၀ | ၁၂.၉ | ၄.၅ |
| | ၂ | ဆက်သွယ်ရေး | ၃၉၃၁၆၈.၉ | ၀.၉ | ၁၈.၂ | ၉၈၄၃၄၉.၂ | ၂.၁ | ၁၅၀.၄ |
| | ၃ | ငွေရေးကြေးရေး | ၄၉၄၅၁.၁ | ၀.၁ | ၅၇.၄ | ၅၃၄၇၆.၈ | ၀.၁ | ၈.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၆၇၃၂၁.၇ | ၂.၀ | ၀.၁ | ၈၉၅၀၇၁.၅ | ၂.၀ | ၃.၂ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၈၄၄၅၁၆.၄ | ၂.၀ | ၁၄.၈ | ၉၆၈၀၈၀.၇ | ၂.၁ | ၁၄.၆ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | ၈၆၀၂၅၁၄.၀ | ၂၀.၀ | ၇.၀ | ၈၉၅၇၀၄၉.၃ | ၁၉.၆ | ၄.၁ |
| ၄ | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | ၄၂၉၂၃၇၉၃.၂ | ၁၀၀.၀ | ၆.၀ | ၄၅၇၇၉၁၇၉.၈ | ၁၀၀.၀ | ၆.၇ |

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းအရ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်(၂၀၁၀-၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက် | | | ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁၀၈၀၁၂၃.၀ | ၂.၅ | ၄.၉ | ၁၁၄၁၇၂၃.၂ | ၂.၅ | ၅.၇ |
| ၂ | ကယားပြည်နယ် | ၁၅၈၀၅၄.၁ | ၀.၄ | ၄.၁ | ၁၆၅၀၂၂.၉ | ၀.၄ | ၄.၄ |
| ၃ | ကရင်ပြည်နယ် | ၇၄၀၇၄၆.၉ | ၁.၇ | ၇.၉ | ၈၀၀၀၇၂.၃ | ၁.၇ | ၈.၀ |
| ၄ | ချင်းပြည်နယ် | ၁၄၉၃၄၂.၆ | ၀.၃ | ၀.၂ | ၁၆၀၄၅၆.၂ | ၀.၃ | ၇.၄ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၄၈၇၄၁၁၆.၂ | ၁၁.၄ | ၆.၉ | ၅၂၇၅၉၃၄.၉ | ၁၁.၅ | ၈.၂ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁၄၈၃၇၆၈.၉ | ၃.၅ | ၁၀.၀ | ၁၅၈၅၆၄၈.၈ | ၃.၅ | ၆.၉ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၃၇၀၁၂၂၂.၉ | ၈.၆ | ၁.၁ | ၃၉၅၄၆၀၇.၇ | ၈.၆ | ၆.၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၄၁၁၀၃၃၈.၇ | ၉.၆ | ၇.၆ | ၄၄၂၄၉၁၆.၁ | ၉.၆ | ၇.၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၄၈၄၅၀၀၈.၆ | ၁၁.၃ | ၇.၃ | ၅၁၆၈၈၄၆.၃ | ၁၁.၃ | ၆.၇ |
| ၁၀ | မွန်ပြည်နယ် | ၁၈၀၅၃၁၀.၅ | ၄.၂ | ၇.၆ | ၁၉၅၆၃၀၅.၀ | ၄.၃ | ၈.၄ |
| ၁၁ | ရခိုင်ပြည်နယ် | ၁၇၂၃၃၄၀.၅ | ၄.၀ | ၂.၅ | ၁၈၀၂၇၈၄.၅ | ၃.၉ | ၄.၆ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၉၅၀၇၅၁၉.၇ | ၂၂.၁ | ၇.၈ | ၁၀၂၅၅၅၄၅.၁ | ၂၂.၃ | ၇.၉ |
| ၁၃ | ရှမ်းပြည်နယ် | ၃၁၃၀၃၆၇.၈ | ၇.၃ | ၄.၇ | ၃၃၂၂၀၈၇.၉ | ၇.၂ | ၆.၁ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅၁၀၅၄၀၂.၆ | ၁၁.၉ | ၂.၈ | ၅၃၅၈၃၀၀.၆ | ၁၁.၇ | ၅.၀ |
| ၁၅ | နေပြည်တော် ကောင်စီနယ်မြေ | ၅၀၉၁၃၀.၁ | ၁.၂ | ၁၂.၄ | ၅၇၂၉၁၇.၈ | ၁.၂ | ၁၂.၅ |
| | ပြည်ထောင်စုချုပ် | ၄၂၉၂၃၇၉၃.၂ | ၁၀၀.၀ | ၆.၀ | ၄၅၉၄၅၁၆၉.၃ | ၁၀၀.၀ | ၇.၀ |

**နှစ်အလိုက် ဈေးနှုန်းများအရ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုးရည်မှန်းချက်များ။** ။ နှစ်အလိုက်ထုတ်လုပ်သူများ၏ ဈေးနှုန်းများအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဖြစ်ပေါ်လာရန် ရည်မှန်းထားသည့် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များကို အောက်ပါဇယားတွင်ဖော်ပြထားပါသည်-

**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ**

**တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များ**

**(နှစ်အလိုက် ထုတ်လုပ်သူများ၏ ဈေးနှုန်းများအရဖြစ်ပါသည်)**

| အမှတ်စဉ် | | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ (အမျိုးသားစီမံကိန်း) | ၂၀၁၂-၂၀၁၃(အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | | | တန်ဖိုး | တိုးတက်မှုနှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ |
| | | | ကျပ်သန်းပေါင်း | | ရာခိုင်နှုန်း |
| ၁ | | ကုန်ပစ္စည်းထုတ်လုပ်မှုတန်ဖိုး | ၂၇၅၈၇၀၇၀.၉ | ၃၂၀၄၇၀၄၀.၀ | ၁၆.၂ |
| | ၁ | လယ်ယာ | ၁၁၅၈၉၄၅၁.၇ | ၁၂၃၀၇၁၃၉.၄ | ၆.၂ |
| | ၂ | သားငါး | ၃၆၉၈၂၇၈.၀ | ၄၀၇၈၉၇၈.၉ | ၁၀.၃ |
| | ၃ | သစ်တော | ၁၆၄၀၇၆.၆ | ၁၆၅၄၀၆.၂ | ၀.၈ |
| | ၄ | စွမ်းအင် | ၆၆၉၃၃.၆ | ၁၈၀၀၃၉၇.၈ | ၂၅၈၉.၈ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၄၇၅၂၃၆.၅ | ၅၄၄၇၀၆.၉ | ၁၄.၆ |
| | ၆ | စက်မှုလက်မှု | ၉၀၃၃၈၀၈.၀ | ၁၀၃၉၈၈၁၃.၄ | ၁၅.၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၅၀၇၇၀၈.၉ | ၆၂၂၂၈၀.၅ | ၂၂.၆ |
| | ၈ | ဆောက်လုပ်မှု | ၂၀၅၁၅၇၇.၆ | ၂၁၂၉၃၁၆.၉ | ၃.၈ |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | ၈၀၆၇၁၈၉.၈ | ၉၁၅၇၉၁၅.၃ | ၃.၈ |
| | ၁ | ပို့ဆောင်ရေး | ၅၈၉၀၉၀၃.၇ | ၆၄၂၂၆၅၅.၇ | ၉.၀ |
| | ၂ | ဆက်သွယ်ရေး | ၃၉၃၁၆၈.၉ | ၇၆၄၇၀၂.၀ | ၉၄.၅ |
| | ၃ | ငွေရေးကြေးရေး | ၄၆၈၉၆.၃ | ၄၈၇၁၂.၈ | ၃.၉ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၈၆၇၃၂၁.၇ | ၈၉၅၀၇၁.၅ | ၃.၂ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၈၆၈၈၉၉.၂ | ၁၀၂၆၇၇၃.၃ | ၁၈.၂ |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | ၉၀၇၉၀၂၄.၂ | ၁၀၀၀၂၆၂၁.၆ | ၁၀.၂ |
| ၄ | | တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၄၄၇၃၃၂၈၄.၉ | ၅၁၂၀၇၅၇၆.၉ | ၁၄.၅ |

**ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှု လျာထားချက်။** ။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်ကို ပိုင်ဆိုင်မှုအခန်းအလိုက်ခွဲခြား၍ အောက်ပါဇယားတွင် ဖော်ပြပါသည်-

**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ (အမျိုးသားစီမံကိန်း) | | ၂၀၁၂-၂၀၁၃ (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၃၀၃၅၉၅၂.၀ | ၂၃.၅ | ၄၂၃၈၄၅၁.၅ | ၂၇.၃ |
| ၂ | သမဝါယမပိုင် | ၁၅၀၀.၇ | ၀.၀၁ | ၁၅၄၆.၉ | ၀.၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၉၈၇၉၁၂၉.၁ | ၇၆.၅ | ၁၁၂၆၀၇၁၂.၁ | ၇၂.၇ |
| | **စုစုပေါင်း** | **၁၂၉၁၆၅၈၁.၈** | **၁၀၀.၀** | **၁၅၅၀၀၇၁၀.၅** | **၁၀၀.၀** |